# ပုဂံခေတ်မြန်မာအရေးအသားများမှ
# ထီးနန်းဝန်းကျင်ဆိုင်ရာဝေါဟာရစစ်တမ်း

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မမြသက်နွယ်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "ပုဂံခေတ်မြန်မာအရေးအသားများမှ ထီးနန်းဝန်းကျင်ဆိုင်ရာဝေါဟာရစစ်တမ်း" ဟူသော အမည်ဖြင့် ပါရဂူဘွဲ့အတွက် တင်သွင်းသော ကျမ်းဖြစ်ပါသည်။ မြန်မာဘာသာစကားအတွင်း တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော ထီးနန်းဝန်းကျင်ဆိုင်ရာဝေါဟာရများ၏ အနက်အဓိပ္ပာယ်ကို လေ့လာခြင်းဖြင့် မြန်မာဘာသာစကား ဝေါဟာရကြွယ်ဝမှုနှင့် အနက်အဓိပ္ပာယ် ကြံဆနိုင်မှုများကို သိမြင်နိုင်စေရန် ရည်ရွယ်ပါသည်။ ထိုရည်ရွယ်ချက်ဖြင့် ပုဂံခေတ် ရှေးဟောင်းမြန်မာကျောက်စာ၊မင်စာများကို အခြေခံ၍ ထီးနန်းဝန်းကျင်ဆိုင်ရာ ဝေါဟာရများကို စိစစ်ထုတ်နုတ် ၊ အမျိုးအစားခွဲခြား၍ အနက်အဓိပ္ပာယ် ရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ပုဂံခေတ်ထီးနန်းဝန်းကျင်ဆိုင်ရာ ဝေါဟာရများကို လေ့လာခြင်းဖြင့် ရင်းမြစ်၊ သဒ္ဒါ၊ စာလုံးပေါင်းနှင့် အနက်အဓိပ္ပာယ် ကဏ္ဍအသီးသီးတို့ကို သိရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပုဂံခေတ်ထီးနန်းဝန်းကျင်ဆိုင်ရာဝေါဟာရများသည် မြန်မာ့အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ညွှန်းရာတွင်လည်းကောင်း၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု တိုးမြှင့်ရာတွင်လည်းကောင်း၊ ရှေးဟောင်း အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရာတွင်လည်းကောင်း၊ အကျိုးပြုသည်သာမက မြန်မာဘာသာ စကားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူပြုနိုင်စွမ်းရှိသည်ကို လေ့လာဖော်ထုတ်တင်ပြ ထားခြင်းဖြစ်ပါသည်။